# ခင်ပွန်းကြီး ဆယ်ပါး ကန်တော့ခန်း

သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် မသိ၊ မလိမ္မာခင်က မိုက်မဲစွာ ပြစ်မှားမိတဲ့ ကံတွေရှိခဲ့ပါ၏။ ထိုကံသတ္တိနှင့် တန်ပြန်မှု အပြစ်တွေ ပျောက်ခြင်းငှာ ရှင်တော်မြတ်ဘုရား အဆုံးအမကို ခံယူလျက်၊ ရှင်တော်မြတ်ဘုရားထံ၌ပင် တောင်းပန် ကန်တော့ခြင်း အခွင့်ကို ပေးတော်မူပါဘုရား။

❋ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမား ကြကုန်သော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

❋ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမား ကြကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

❋ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမား ကြကုန်သော အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာ အရှင်မြတ်ကြီးတို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကိုပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

❋ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမား ကြကုန်သော ရဟန္တာ အရှင်မြတ်ကြီးတို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကိုပျောက်ပါစေခြင်း အကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

❋ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမား ကြကုန်သော မိခင်၊ ဖခင် တို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကိုပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

❋ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကြကုန်သော လိမ္မာစေရန် ကျိုးကြောင်းပြ၍ ဆုံးမတတ်သော ဆရာတို့၏ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကိုပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

❋ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကြကုန်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တို့ကို ဆည်းပူးဖြည့်ကျင့်လျှက် ရှိကြကုန်သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ် တို့၏ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

❋ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကြကုန်သော တရားဓမ္မတို့ကို ဟောပြောပြသ ဆုံးမတတ်သော ဆရာသမားတို့၏ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

❋ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ထမင်းတစ်လုပ်၊ ရေတစ်မှုတ် စသည်ဖြင့် ပေးကမ်းချီးမြှင့် ထောက်ပံ့ဖူးသော ကျေးဇူးရှင်ပုဂ္ဂိုလ်တို့၏ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

## ငါးမာန်အောင်မြင် ဘုရားရှိခိုး

- ငါးမာန်အောင်မြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- ကိလေသာကင်းစင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- သစ္စာသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- အနန္တဂုဏ်အင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- ငြိမ်းအေးသခင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- သံသရာကယ်တင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- နိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- ပရိနိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

သာဓု - သာဓု - သာဓု

## ဆုတောင်းခန်း

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကောင်းမှုကံစေတနာ တို့ကြောင့် အလုံးစုံသော ဘေးရောဂါ အန္တရာယ်အပေါင်းတို့မှ ကင်းဝေးပြီးလျှင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော သစ္စာလေးပါး မြတ်တရားကို ကောင်းစွာသိမြင်၍ နိဗ္ဗာန်သို့ စံဝင်နိုင် သောကိုယ် ဖြစ်ရပါစေသား အရှင်ဘုရား။

လောကီမင်္ဂလာ အဖြာဖြာတို့သည်လည်း စိတ်ကြံတိုင်း တောင့်တတိုင်း လွယ်ကူ လျှင်မြန်စွာ ပြည့်စုံ၍ နလုံးစိတ်ဝမ်း အေးချမ်းရပါစေသား အရှင်ဘုရား။

## ကန်တော့ခန်း

ဣကာမာယဓမ္မာန၊ ဓမ္မပဋိပတ္တိယာ၊ မင်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်တည်းဟူသော ဤလောကုတ္တရာတရား၊ ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ဗုဒ္ဓံ မြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

ဣကာမာယဓမ္မာန၊ ဓမ္မပဋိပတ္တိယာ၊ မင်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်တည်းဟူသော ဤလောကုတ္တရာတရား၊ ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ဓမ္မံ တရားတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

ဣကာမာယဓမ္မာန၊ ဓမ္မပဋိပတ္တိယာ၊ မင်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်တည်းဟူသော ဤလောကုတ္တရာတရား၊ ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့် သံဃံ သံဃာတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

## မေတ္တာပို့ အမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမဲ့မည်သည်၊ ရွှေပြည်ထုတ်ချောက်
လမ်းမကောက်ပဲ ရောက်ရပါလို၊ ထိုထိုဘဝ ကျင်လည်ရလည်း အနိဋ္ဌဘေးဒဏ် ရန်၊ မာန်
အပေါင်း မကောင်းဟူသမျှ မတွေ့ရဘဲ သဗ္ဗကုစ္ဆ မင်္ဂလာကို ရွယ်တာ တတိုင်းရစေသော်...။
ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနှင့် ကိုယ့်မှာစောင့်ကြပ်
ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှအလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့
ရကြပါစေ ပေးမျှဝေသည် .... များထွေသာဓုခေါ်စေသောဝ်..... ဝသုန္ဒရေ ဤမြေပံသု
သီလာထုလည်း သက်သေအမှုတည်စေသောဝ် .....။

ကုသိုလ် ... အမျှ ... အမျှ ... အမျှ ယူတော်မူကြပါကုန်လော့။

သာဓု ... သာဓု ... သာဓု